# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်စျေးကွက်သတင်းလွှာ

myantrade

July 14 , 2022 Volume 56, Number 9


၁၄.၇.၂၀၂၂

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၇၂၆ US$ |
| မြန်မာ့ရွှေဈေး | = ၂၀၅၈၀၀၀ |
| ဒေါ်လာဈေး | = ၂၁၉၅ ကျပ် |
| CBM Rate | = ၁၈၅၀.၀ ကျပ် |
| ယူရို တစ်ယူရို | = ၁၈၅၄.၃ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၃၂၀.၂ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၁၉၃.၁ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၂၄၈.၀ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၇၄.၃၂ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၃.၁၆၂ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၀.၆၅ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၁၆.၂၉ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၀.၆၇၈ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com


## သီရိလင်္ကာနိုင်ငံသို့ ဆန်လျှော့ဒါန်းနိုင်ရေးအတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ လှူဒါန်းမှုကြီးကြပ်ရေး အဖွဲ့ခေါင်းဆောင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးညွန့်အောင် တက်ရောက်အမှာစကားပြောကြား



၂၀၂၂ ခုနှစ်၊ ဇူလိုင်လ ၁၃ ရက်နေ့၊ (၁၀:၃၀) နာရီအချိန်တွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ အစည်းအဝေးခန်းမ၌ Virtual စနစ်ဖြင့် ကျင်းပပြုလုပ်ခဲ့သည့် သီရိလင်္ကာနိုင်ငံသို့ ဆန်လှူဒါန်းနိုင်ရေးအတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ လှူဒါန်းမှုကြီးကြပ်ရေးအဖွဲ့ခေါင်းဆောင်၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးညွန့်အောင် တက်ရောက်အမှာစကားပြောကြားခဲ့သည်။

အစည်းအဝေးတွင် လှူဒါန်းမှုကြီးကြပ်ရေးအဖွဲ့ခေါင်းဆောင်၊ ဒုတိယဝန်ကြီးက အဖွင့်အမှာစကားပြောကြားရာ လက်ရှိအချိန်၌ သီရိလင်္ကာနိုင်ငံတွင် စီးပွားရေးအကြပ်အတည်းများနှင့် ကြုံတွေ့နေရသည့်အတွက် မြန်မာနိုင်ငံအနေဖြင့် လူသားချင်းစာနာ ထောက်ထားသောအားဖြင့် နိုင်ငံတော်ရံပုံငွေဖြင့် ဆန်တန်ချိန် (၁၀၀၀) လှူဒါန်းနိုင်ရေးအတွက် လှူဒါန်းမှုကြီးကြပ်ရေးအဖွဲ့က စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ လှူဒါန်းမှုလုပ်ငန်းစဉ်များ အဆင်ပြေချောမွေ့စေရေးအတွက် ယနေ့တက်ရောက်လာကြသည့် ဝန်ကြီးဌာနများအနေဖြင့် လှူဒါန်းမည့်ဆန်အမျိုးအစား၊ ဝယ်ယူစုဆောင်းမည့် အစီအစဉ်၊ ကွန်တိန်နာငှားရမ်းမှု၊ ပေးပို့လှူဒါန်းမည့်ကာလ၊ ကုန်ကျစရိတ်များနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာကဏ္ဍအလိုက် တင်ပြဆွေးနွေးပေးစေလိုပါကြောင်း၊ လှူဒါန်းမှုလုပ်ငန်းစဉ်များ အဆင်ပြေချောမွေ့စေရေးတို့အတွက် အားလုံးဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

ထို့နောက်တက်ရောက်လာသည့် သက်ဆိုင်ရာဝန်ကြီးဌာနများမှ တာဝန်ရှိသူများနှင့် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်ဥက္ကဋ္ဌတို့မှ သီရိလင်္ကာနိုင်ငံသို့ ဆန်လှူဒါန်းနိုင်ရေးနှင့်စပ်လျဉ်းသည့် ကဏ္ဍအလိုက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များအပေါ် ဝိုင်းဝန်းဆွေးနွေးခဲ့ကြပြီး တင်ပြချက်များအပေါ် ဒုတိယဝန်ကြီးက ဖြည့်စွက်ဆွေးနွေး

ပြောကြားပြီး လိုအပ်သည်များအား ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

အဆိုပါအစည်းအဝေးသို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန်နှင့် ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**Source:** https://www.commerce.gov.mm/my/article/%E1%80%9E%E1%80%AE%E1%80%9B%E1%80%AD%E1%8

## ကချင်ပြည်နယ်၏ မြန်မာ-တရုတ် နှစ်နိုင်ငံကုန်သွယ်မှုအခြေအနေ

ကချင်ပြည်နယ်တွင် လွယ်ဂျယ်နှင့် ကန်ပိုက်တည်နယ်စပ်ကုန်သွယ်ရေးစခန်းများမှ မြန်မာ-တရုတ်နှစ်နိုင်ငံ ကုန်သွယ်မှုများရှိခဲ့ရာ ၂၀၂၂ ခုနှစ်၊ ဇူလိုင်လ ၂ ရက်မှ ၈ ရက်နေ့များအတွင်း တင်ပို့ခဲ့သည့် ကုန်ပစ္စည်းများမှာ တစ်သျှူးငှက်ပျော၊ ပဲတီစိမ်း၊ နှမ်းနက်၊ ဆန်ကွဲ၊ နှမ်း၊ မြေထောက်ပဲ၊ ရောက်ကောပက်ကောနှင့် ပဲယင်းများတင်ပို့ခဲ့ကြောင်း သိရှိရပါသည်။

လွယ်ဂျယ်နယ်စပ်ကုန်သွယ်ရေးစခန်းမှ တရုတ်နိုင်ငံသို့ တင်ပို့ကုန်၏ငွေပမာဏသည် ၁၄၈၃၅၄၇ ဒသမ ၁၁ ကန်ဒေါ်လာဖြစ်ပြီး၊ ကန်ပိုက်တည်နယ်စပ်ကုန်သွယ်ရေးစခန်းမှ တရုတ်နိုင်ငံသို့ တင်ပို့ကုန်၏ငွေပမာဏမှာ ၁၃၃၃၇၈၃ ဒသမ ၇၈ ဒေါ်လာဖြစ်၍ တင်ပို့ကုန်၏ငွေပမာဏ စုစုပေါင်းတန်ဖိုးမှာ ၂၈၁၇၃၃၀ ဒသမ ၈၉ ကန်ဒေါ်လာ တင်ပို့မှုရှိခဲ့ပါသည်။

သွင်းကုန်ပစ္စည်းများမှာ သံနှင့်သံမဏိဆောက်လုပ်ရေးပစ္စည်းများ၊ ဓါတ်မြေဩဇာများ၊ လယ်ထွန်စက်များ၊ ချည်ထည်များ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ စက်နှင့်စက်ပစ္စည်းများ၊ ပလပ်စတစ်ကုန်ကြမ်းပစ္စည်းများ၊ ဓာတုဗေဒ ချည်ခင်များ၊ ချုပ်ပြီးအဝတ်အထည်များ၊ ဇာနှင့်ဇာထိုးထားသော အထည်အလိပ်များ၊ ကားတာယာ၊ သံပိုက်နှင့် ကလေးကစားစရာ အရုပ်များ တင်သွင်းမှုရှိခဲ့ပါသည်။ ကန်ပိုက်တည်နယ်စပ်ကုန်သွယ်ရေးစခန်းမှ မြန်မာနိုင်ငံသို့ အမှန်တင်သွင်းကုန်၏ ငွေပမာဏမှာ ကန်ဒေါ်လာ ၈၀၁၅၀ တင်သွင်းမှုရှိခဲ့ပြီး၊ လွယ်ဂျယ်နယ်စပ်ကုန်သွယ်ရေးစခန်းမှ မြန်မာနိုင်ငံသို့ အမှန်တင်သွင်းကုန်၏ငွေပမာဏမှာ ကန်ဒေါ်လာ ၅၉၃၇၉၃ ဒသမ ၇၅ ဖြစ်၍ တင်သွင်းကုန်၏ စုစုပေါင်း ငွေပမာဏတန်ဖိုးမှာ ကန်ဒေါ်လာ ၆၇၃၉၄၃ ဒသမ ၇၅ တင်သွင်းမှုရှိခဲ့ပါသည်။

မြန်မာကျပ်ငွေနှင့် တရုတ်ယွမ်ငွေလဲနှုန်းမှာ မြန်မာငွေကျပ် ၁၀၀ လျှင် တရုတ်ယွမ် သုည ဒသမ ၃၆၃ ယွမ် ဖြစ်ပြီး၊ ၁ ယွမ်လျှင် မြန်မာကျပ်ငွေ ၂၇၅ ဒသမ ၄၈ ကျပ်ရှိကြောင်းသိရှိရပါသည်။

**Source: မနောမြေကုန်သွယ်မှုဇုံဌာန**

## ဗီယက်နမ်ဆန် ဈေးကောင်းရဖို့ trademark မြှင့်တင်ရေး ဆောင်ရွက်ပေးမည်

မကြာသေးမီလများအတွင်း ဗီယက်နမ်ဆန် ဈေးနှုန်းများက ထိုင်းနှင့် အခြားဆန်မျိုးကွဲများကို ကျော်လွန်၍ ဈေးနှုန်းများ တဖြည်းဖြည်း မြင့်တက်လာခဲ့ပါတယ်။

ယူကရိန်းစစ်ပွဲကြောင့် ဖြစ်ပေါ်လာတဲ့ ကမ္ဘာလုံးဆိုင်ရာ ဂျုံထောက်ပံ့မှု ပြတ်တောက်ခြင်းကြောင့် ဂျုံအစား ဆန်မှတစ်ပါး အခြားရွေးစရာ ကောက်ပဲသီးနှံမရရှိနိုင်တာကြောင့် ဆန်ကိုအဝယ်လိုက်လာခဲ့ရာမှာ ဗီယက်နမ်ဆန်အတွက် အခြေအနေ ကောင်းနေစေခဲ့ပါတယ်။

ဇွန်လမှာ ဗီယက်နမ်ဆန် အရည်အသွေးမြင့် အမျိုးအစားများ တစ်တန်ကန်ဒေါ်လာ ၁၀-၁၅ မြင့်တက်ခဲ့ပြီး သာမန်အဆင့်အတန်းဆန်တစ်တန် ကန်ဒေါ်လာ ၄၃၀-၄၄၀၊ ဆန်မွှေး တစ်တန် ကန်ဒေါ်လာ ၅၄၀-၅၅၀ နှင့် Number 5451 ဆန်ဖြူ တစ်တန် ကန်ဒေါ်လာ ၄၈၀-၄၉၀ အထိ မြင့်တက်ခဲ့ပါတယ်။

၂၀၂၂ ပထမ ၅ လမှာ ဆန်တန်ချိန် ၂.၇၇ သန်း တင်ပို့ခဲ့ပါတယ်။ ယခင်နှစ် ပထမ ၅ လထက် ၆.၆ % ပိုများခဲ့ပါတယ်။ တန်ဖိုးအားဖြင့် ကန်ဒေါ်လာ ၁.၅၃ ဘီလျံဖိုး တင်ပိုခဲ့ပါတယ်။

အာဖရိကသို့ ဆန်တင်ပို့မှု ၇၆% မြင့်တက်ခဲ့ပါတယ်။ ဗီယက်နမ်ဆန် အဓိကဝယ်လက်ဖြစ်တဲ့ ဖိလစ်ပိုင်သို့ တင်ပို့မှု ၃၄.၆% ပိုများခဲ့ပြီး မလေးရှားသို့ တင်ပို့မှု ၁၉% ပိုများခဲ့ပါတယ်။

ဥရောပမှ ဂျာမနီ၊ ဆွီဒင်နှင့် ပိုလန် အပါအဝင် အမြင့်တန်းဆန် ဝယ်ယူတဲ့နိုင်ငံအချို့က ဗီယက်နမ်ဆန်ကို ဝယ်ယူမှု မြင့်တက်နေပါတယ်။ ဇွန်လဆန်းမှာ Department of Crop Production က ဆန်ပို့ကုန်လုပ်ငန်း ၈ ခုကို ဆန်တင်ပို့ရန် ခွင့်ပြုမိန့် ၁၄၉ ခု ချပေးခဲ့ပါတယ်။ ဥရောပဈေးကွက်ထဲသို့ တင်ပို့မယ့် ဆန်တန်ချိန် ၁၅,၁၀၀ ကို ခွင့်ပြုပေးခဲ့တာဖြစ်ပါတယ်။

အာဖရိကမှ ဝယ်လက်အချို့ကတော့ ဗီယက်နမ်ဈေးမြင့်နေလို့ ဗီယက်နမ်ဆန်လောက် အရည်အသွေးမကောင်း သော်လည်း ဈေးပိုသက်သာတဲ့အပြင် သယ်ယူမယ့် ပင်လယ်ရေကြောင်းခရီးလည်း ပိုနီးနေတဲ့ အိန္ဒိယမှဆန်ကို ဝယ်ယူကြ ပါတယ်။ "ဗီယက်နမ်ဆန်က အနိမ့်တန်းအဆင့်ကနေ တန်ဖိုးကြီးတဲ့အပိုင်းအကန့်ကို ပြောင်းသွားတဲ့အတွက် အိန္ဒိယဆန်ဟာ ဈေးနှုန်းအရ သိသိသာသာ အားသာချက်ရှိပါတယ်" လို့ Trung An High-tech Farming JSC လုပ်ငန်းမှ အထွေထွေ ညွှန်ကြားရေးမှူး Phạm Thái Bình က VNS သတင်းဌာနကို ပြောကြားပါတယ်။

စပါးစိုက်ပျိုးထုတ်လုပ်တဲ့ တောင်သူလယ်သမားများအဖို့ ဓာတ်မြေဩဇာဈေးနှုန်းများ မြင့်တက်နေတဲ့အတွက် အမြတ် ရရှိတာ လျော့နည်းကုန်ကြောင်း၊ သဘော်တင်တာမှာ CIF ဖြင့် တင်တဲ့အတွက်ကြောင့်လည်း အရှုံးပေါ်ကြတဲ့သူများ ရှိနေကြောင်း Bình က ပြောကြားပါတယ်။

လယ်သမားများက ကုန်ကျစရိတ် မြင့်တက်နေတဲ့အတွက် စပါးဈေးကို ဈေးတင်ပြီး ရောင်းချရတဲ့အခါ ပြည်ပတင်ပို့တဲ့ ဆန်ဈေးလည်း မြင့်တက်လာမှာဖြစ်လို့ ပြည်ပဝယ်လက်များက အခြားဈေးသက်သာတဲ့ဆီကို ပြောင်းလဲ ဝယ်ယူကြလိမ့် မယ်လို့ Bình က ပြောကြားပါတယ်။

အမြင့်တန်း ဆန်ဈေးကွက်မှာ နေရာရဖို့ ဆန်မွှေးစိုက်ပျိုးကြဖို့ သူက တိုက်တွန်းပါတယ်။ နောက်တစ်ချက်က ဆန်အတွက် trademark ထားရှိပြီး တင်ပို့ပေးခြင်းဖြင့် trademark နာမည်ရလာတဲ့အခါ ဈေးပိုတင်လို့ ရမှာဖြစ်ကြောင်း Bình က ပြောကြားပါတယ်။

လူသိများတဲ့ trademark ဖြင့် ဆန်ကို ရောင်းချတဲ့အခါ ရောင်းဈေးကို ၁၀ ~၂၀ % ဈေးပိုတင်ပြီး ရောင်းချနေကြကြောင်း ဆန်ချင်းအတူတူဖြစ်သော်လည်း လူမသိသည့် trademark ထက် လူသိများတဲ့ trademark ဖြင့်ရောင်းပါက ဈေးပို ရရှိကြောင်း Bình က ပြောကြားပါတယ်။

စိုက်ပျိုးရေးနှင့် ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးဌာနက trademark လူသိများအောင်မြှင့်တင်ရေးအတွက် အကူအညီပေးမယ့် မူဝါဒများကို အကောင်အထည်ဖော်သွားမှာဖြစ်ကြောင်း စိုက်ပျိုးရေးနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုဝန်ကြီး Phùng Đức Tiến က ပြောကြားပါတယ်။

**Source:** https://www.foodindustrydirectory.com.mm/food-industry/food-livestock/item/4688-trademark.html

## ပြည်ပသို့ ကော့သောင်း-ရနောင်း နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းက ယခုဘဏ္ဍာနှစ် သုံးလတာကာလအတွင်း ရေထွက်ကုန်တန်ချိန် ၂၉၀၀၀ ကျော် တင်ပို့နိုင်ခဲ့

ပြည်ပသို့ ရခိုင်၊ ဧရာဝတီ၊ မွန်၊ တနင်္သာရီ ကမ်းရိုးတန်းဒေသတစ်လျှောက်ရှိ ငါးဖမ်းကွက်ပေါင်း ၁၄၀ ကျော်မှ ထွက်ရှိ လာသည့် ရေထွက်ကုန်များကို ကော့သောင်း-ရနောင်း နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းက တင်ပို့လျက်ရှိရာ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ဧပြီ ၁ ရက်မှ ဇူလိုင် ၁ ရက်ထိ သုံးလတာကာလအတွင်း တန်ချိန် ၂၉၀၀၀ ကျော် တင်ပို့နိုင်ခဲ့ကြောင်း ကော့သောင်းခရိုင် ငါးလုပ်ငန်းဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးတင်ထွဋ်က ပြောပြ၍သိရသည်။

ထိုသို့ ရေထွက်ကုန်များတင်ပို့ရာတွင် တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့မှ ပြည်ပငါးဈေးကြီးများသို့ အဓိက တင်ပို့လျက်ရှိကြောင်း သိရသည်။

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းကနေ ရေထွက်ကုန်တွေ တင်ပို့တဲ့နေရာမှာ ရခိုင်၊ ဧရာဝတီ၊ မွန်၊ တနင်္သာရီ ကမ်းရိုးတန်း တစ်လျှောက်ကဝင်လာတဲ့ ရေထွက်ကုန်တွေကို တင်ပို့တာဖြစ်ပါတယ်။ အဲဒီ ကမ်းရိုးတန်းတစ်လျှောက်မှာ ငါးဖမ်းအကွက်ပေါင်း ၁၄၀ ကျော်ရှိပြီး တစ်ကွက်ကို ရေမိုင် ၃၀ ကျော် ကျယ်ဝန်းပါတယ်။ အဲဒီ ကမ်းရိုးတန်းတစ်လျှောက်က ဝင်လာတဲ့ရေထွက်ကုန်တွေကို ကော့သောင်းကနေ ပြည်ပနိုင်ငံကို တင်ပို့နိုင်မှုကတော့ အခုဘဏ္ဍာနှစ် ဧပြီ ၁ ရက်ကနေ ဇူလိုင် ၁၂ ရက်ထိ သုံးလတာကာလအတွင်း တန်ချိန် ၂၉၀၀၀ ကျော် ဖြစ်ပါတယ်။ ပို့ကုန်တန်ဖိုးကတော့ အမေရိကန်ဒေါ်လာ ၂၉

ဒသမ ၁၃၇ သန်း ရရှိပါတယ်” ဟု ကော့သောင်းခရိုင် ငါးလုပ်ငန်းဦးစီးဌာ ခရိုင်ဦးစီးမှူး ဦးတင်ထွဋ်ကပြောပြသည်။

မြန်မာနိုင်ငံမှ နိုင်ငံပေါင်း ၄၀ ကျော်သို့ ရေထွက်ကုန်ပစ္စည်းအမျိုးအစား ၃၀၀ ကျော်ကို တင်ပို့လျက်ရှိပြီး ပြီးခဲ့သည့် ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် ခြောက်လတာကာလ အောက်တိုဘာ ၁ ရက်မှ ဇန်နဝါရီ ၁ ရက်ထိ သုံးလအတွင်း ပင်လယ် ရေထွက်ကုန် ၈၄၉၉ တန် တင်ပို့နိုင်ခဲ့ကာ ပို့ကုန်ရငွေ အမေရိကန်ဒေါ်လာ ၁၃၉ ဒသမ ၈၅၆ သန်း ရရှိခဲ့ကြောင်းသိရသည်။

ထိုသို့ တင်ပို့ရာတွင် အရှေ့အလယ်ပိုင်းနိုင်ငံများ၊ ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများသို့ ပုံမှန်တင်ပို့လျက်ရှိပြီး ရေထွက်ကုန်တင်ပို့မှုတိုးတက်ရေးအတွက် မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် ကော့သောင်းခရိုင် ငါးလုပ်ငန်းဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း ကော့သောင်းခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှသိရသည်။

**Source:** ရတနာပုံသတင်းစာ

## ပို့ကုန်ရငွေဝင်ရောက်ကြောင်း အထောက်အထားပြနိုင်မှသာ ထုတ်ကုန်တင်ပြပုံစံ (ED) ဆောင်ရွက်ပေးရန် အကောက်ခွန်ဦးစီးဌာန ညွှန်ကြားထား

ပို့ကုန်ရငွေ ဝင်ရောက်ကြောင်း အထောက်အထားပြနိုင်မှပဲ ထုတ်ကုန်တင်ပြပုံစံ (ED) ဖွင့်လှစ်ဆောင်ရွက်ပေးကြဖို့ အကောက်ခွန်ဦးစီးဌာနက ပြည်နယ်/ တိုင်းဒေသကြီး/ မြို့နယ်ဦးစီးဌာနမှူးတွေနဲ့ တာဝန်ခံ-OSS အားလုံးထံ ညွှန်ကြားလိုက်ပါတယ်။

ဒါကြောင့် နယ်စပ်ဝင်/ထွက်ပေါက်များမှ ပဲမျိုးစုံ၊ ပြောင်း၊ နှမ်း၊ မြေပဲနဲ့ ဆီထွက်သီးနှံတွေ တင်ပို့မယ်ဆိုရင် သက်ဆိုင်ရာ ဘဏ်ကနေ ပို့ကုန်ရငွေ ဘဏ်အထောက်အထား Bank Certificate, (TT) နဲ့ ပို့ကုန်လိုင်စင်ပူးတွဲပြီး တင်ပို့ခွင့်လျှောက်ထားမှပဲ ED ဖွင့်လှစ်ဆောင်ရွက်ခွင့်ရှိမှာလည်းဖြစ်ပါတယ်။

ဇူလိုင်လ ၁၄ ရက်နေ့မှစတင်ကာ အဆိုပါ ဆောင်ရွက်မှုပုံစံ အသက်ဝင်မှာဖြစ်ပြီး ဆောင်ရွက်မှုအခြေအနေကို နေ့စဉ် တင်ပြရမယ်လို့လည်း အကောက်ခွန်ဦးစီးဌာန (နယ်ရုံးများကြီးကြပ်ရေးဌာနခွဲ) ညွှန်ကြားရေးမှူး ဦးကျော်ခိုင် လက်မှတ်ထိုး ဖြန့်ဝေထားတဲ့ ကြေငြာစာမှာ ဖော်ပြထားပါတယ်။

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနရဲ့ ပြောင်းလဲလိုက်တဲ့ မူဝါဒအရ ယခုလမှစတင်ကာ ပို့ကုန်ရငွေ ပြန်လည်ဝင်ရောက်ပြီးကြောင်း ဘဏ်စလစ်ပြနိုင်မှသာ ပို့ကုန်လိုင်စင်အသစ် လျှောက်ထားခွင့်ရှိပြီး လိုင်စင်နဲ့ထုတ်ကုန် တင်ပြပုံစံ (ED) ရှိမှသာ တစ်ဖက်နိုင်ငံကို တင်ပို့ခွင့်ရှိမှာလည်း ဖြစ်ပါတယ်။

ထို့အပြင် ဝင်ငွေခွန်၊ ကုန်သွယ်လုပ်ငန်းခွန်အပြင် ရောင်းရငွေကို ၁၈၅၀ ကျပ်နှုန်း လဲလှယ်ထုတ်ပေးခြင်းတို့ကြောင့် စိုက်ပျိုးတောင်သူ/ကုန်သည်များအတွက် အကျိုးအမြတ်ရရှိမှုနည်းပါးနိုင်သလို လုပ်ကိုင်ရခက်ခဲခြင်းမျိုးလည်းရှိနိုင်တယ်လို့ ဆိုကြပါတယ်။

**သတင်း – BETV Business**

## STOCK EXCHANGE (14.7.2022)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 14th Jul. 2022

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 7,400 | -100 | -1.33% | 7,500 | 7,500 | 7,400 | 206 | 1,524,900 | 33,109,694 | 245,012 |
| MTSH | 00002 | 2,650 | +0 | +0.00% | 2,650 | 2,650 | 2,650 | 1,589 | 4,210,850 | 38,929,150 | 103,162 |
| MCB | 00003 | 7,300 | +200 | +2.82% | 7,300 | 7,300 | 7,300 | 13 | 94,900 | 10,400,986 | 75,928 |
| FPB | 00004 | 17,500 | +0 | +0.00% | 17,500 | 17,500 | 17,500 | 0 | 0 | 2,472,053 | 43,261 |
| TMH | 00005 | 2,500 | +50 | +2.04% | 2,500 | 2,500 | 2,500 | 449 | 1,122,500 | 12,823,224 | 32,058 |
| EFR | 00006 | 2,500 | +0 | +0.00% | 2,500 | 2,500 | 2,500 | 100 | 250,000 | 19,977,223 | 49,943 |
| AMATA | 00007 | 4,900 | +0 | +0.00% | 4,900 | 4,900 | 4,900 | 194 | 950,600 | 10,497,598 | 51,438 |

## Market summary

As of 14th Jul. 2022

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 345.36 | -0.34 | -0.10% | 346.07 | 347.27 | 345.36 | 2,551 | 8,153,750 | 7 | 600,802 |

### Index chart




# Market Overview

## Main Board

As of 1:00 pm, 14th Jul. 2022

| MYANPIX | 345.36 ▼ 0.34 |
|---|---|
| Total Volume (shares) | 2,551 |
| Total Value (MMK) | 8 mil |
| Listed Company | 7 |
| Market Cap. (MMK) | 600,802 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 7,400 | ▼ 100 |
| MTSH | 00002 | 2,650 | ▲ 0 |
| MCB | 00003 | 7,300 | ▲ 200 |
| FPB | 00004 | 17,500 | ▲ 0 |
| TMH | 00005 | 2,500 | ▲ 50 |
| EFR | 00006 | 2,500 | ▲ 0 |
| AMATA | 00007 | 4,900 | ▲ 0 |